# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

July 26 , 2022 Volume 56, Number 16


**၂၆.၇.၂၀၂၂**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၂၂ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၂၅၅၀ ကျပ် |
| CBM Rate | = ၁၈၅၀.၀ ကျပ် |
| ယူရို တစ်ယူရို | = ၁၈၈၅.၃ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၃၃.၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၂၂၃.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၂၈၅.၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၇၃.၇၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၁၉၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၁.၄၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၁၅.၁၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၀.၄၂၉ ကျပ် |

Source: CBM Rate, etrademyanmar.com

## ကချင်ပြည်နယ်၏ ဇူလိုင်လ ၁၆ ရက်မှ ၂၂ ရက်နေ့အတွင်း မြန်မာ-တရုတ် နှစ်နိုင်ငံ ကုန်သွယ်မှုအခြေအနေ

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့်ကန်ပိုက်တည် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှုများရှိခဲ့ရာ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်မှ ၂၂ ရက်နေ့များအတွင်း တင်ပို့ခဲ့သည့်ကုန်ပစ္စည်းများမှာ တစ်သျှူးငှက်ပျော၊ ဆန်၊ ရော်ဘာ၊ ဆန်ကွဲ များတင်ပို့ခဲ့ကြောင်းသိရှိရပါသည်။

လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ငွေပမာဏသည် ၃၂၈၅၅၆ ဒသမ ၁ ကန်ဒေါ်လာဖြစ်ပြီး၊ ကန်ပိုက်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ငွေပမာဏမှာ ၇၅၆၇၅ ဒသမ ၆၈ ဒေါ်လာဖြစ်၍ တင်ပို့ကုန်၏ ငွေပမာဏစုစုပေါင်းတန်ဖိုးမှာ ၄၀၄၂၃၁ ဒသမ ၇၈ ကန်ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။

သွင်းကုန်ပစ္စည်းများမှာ ချည်ထည်များ၊ စက်နှင့်စက်ပစ္စည်းများ၊ သားရေ/သားရေတုဖြင့် ပြုလုပ်သောပစ္စည်းများ၊ လယ်ထွန်စက်များ၊ ဓာတုဗေဒချည်ခင်များ၊ ချုပ်ပြီးအဝတ်အထည်များ၊ ဇာနှင့်ဇာထိုးထားသော အထည်အလိပ်များ၊ ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ စက်ဘီးအပိုပစ္စည်းများ၊ ပုံနှိပ်စက္ကူများနှင့် သံနှင့်သံမဏိ ဆောက်လုပ်ရေးပစ္စည်းများတင်သွင်းမှုရှိခဲ့ပါသည်။ ကန်ပိုက်တည် နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏမှာ ကန်ဒေါ်လာ ၉၅၆၈၅ တင်သွင်းမှုရှိခဲ့ပြီး၊ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏမှာ ကန်ဒေါ်လာ ၃၈၀၆၆၀ ဖြစ်၍ တင်သွင်းကုန်၏ စုစုပေါင်းငွေပမာဏတန်ဖိုးမှာ ကန်ဒေါ်လာ ၄၇၆၃၄၅ တင်သွင်းမှုရှိခဲ့ပါသည်။

မြန်မာကျပ်ငွေနှင့် တရုတ်ယွမ်ငွေလဲနှုန်းမှာ မြန်မာငွေကျပ် ၁၀၀ လျှင် တရုတ်ယွမ် သုည ဒသမ ၃၆၅ ယွမ် ဖြစ်ပြီး၊ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၂၇၃ ဒသမ ၉၇ ကျပ်ရှိကြောင်းသိရှိရပါသည်။

**Source: မနော‌မြေကုန်သွယ်မှုဇုဟိုဌာန**


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ကြက်သွန်နီဈေး အမြင့်ဆုံးဈေးတန်း ပြန်ရောက်လာ

ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှာတော့ တဖြည်းဖြည်းဈေးပြန်တက်နေတဲ့ ကြက်သွန်နီဟာ ဒီနေ့မှာတော့ ပြီးခဲ့တဲ့ ဇွန်လကုန်ပိုင်းတုန်းက ရောက်ရှိခဲ့တဲ့ အမြင့်ဆုံး ဈေးအထိ ပြန်ရောက်လာပါတယ်။

ပြီးခဲ့တဲ့ ဇွန်လကုန်ပိုင်းက အမျိုးအစားအလိုက် တစ်ပိဿာ ကျပ် ၁၉၀၀ ထိ ရောက်ရှိသွားခဲ့ပြီးနောက် တဖြည်းဖြည်း ဈေးပြန်ကျလာတဲ့ ကြက်သွန်နီဈေးဟာ

ပြီးခဲ့တဲ့တစ်ပတ်ခန့်ကစလို့ အတက်ပိုင်းကို ပြန်ရောက်လာပြီး အမျိုးအစားအလိုက် ၁၃၀၀ ကနေ ၁၉၀၀ ကြား ပေါက်စျေး ရှိနေတာဖြစ်ပါတယ်။

**ယနေ့** (ဇူလိုင် ၂၄ ရက်) **ကြက်သွန်နီစျေးနှုန်းများ (တစ်ပိဿာ) (ဘုရင့်နောင်စျေးကွက်)**

ကြက်သွန်နီ (ဆိပ်ဖြူရှယ် – သစ်) – ၁၉၀၀ ကျပ်

ကြက်သွန်နီ (ဆိပ်ဖြူလတ်ကြီး) – ၁၈၀၀ ကျပ်

ကြက်သွန်နီ (ဆိပ်ဖြူလတ်သန့်) – ၁၆၀၀ ကျပ်

ကြက်သွန်နီ (ဆိပ်ဖြူလတ်ချော) – ၁၃၀၀ ကျပ်

(စိုက်ပျိုးရေးစျေးကွက်သတင်းအေဂျင်စီ (AMIA) က ပေးပို့လာသည့် စျေးနှုန်းများကို ဖော်ပြခြင်းဖြစ်ပါသည်။)

Source: https://greenwaymyanmar.com/posts/Onion_Market_Prices_July_25

## ကန့်ပိုက်တည်နယ်စပ်ဂိတ်မှ ပြည်ပသို့ ပြောင်းနှင့်ရော်ဘာတင်ပို့သည့် ကုန်တင်ကားအစီးရေများပြားလာ

ကန့်ပိုက်တည်နယ်စပ်ဂိတ်မှ ပြည်ပသို့ပြောင်းနှင့်ရော်ဘာတင်ပို့သည့် ကုန်တင်ကားအစီးရေများပြား လာကြောင်း ကချင်ပြည်နယ်အဝေးပြေး ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်တူးထံမှ သိရသည်။

ကချင်ပြည်နယ် ဝိုင်းမော်မြို့အပါအဝင် အခြားမြို့များမှထွက်ရှိသည့် တစ်သျှူးငှက်ပျောနှင့် အခြားကုန်စည်များ ဖြစ်သည့် ငရုပ်၊ ဖရဲ၊ သခွား၊ ပြောင်းနှင့်ရော်ဘာများကို ကန့်ပိုက်တည်နယ်စပ်ဂိတ်မှတစ်ဆင့် ပြည်ပနိုင်ငံသို့ တင်ပို့လျက် ရှိကြောင်း၊ ယခုလက်ရှိတွင် ကချင်ပြည်နယ်အတွင်းမှ ပြည်ပနိုင်ငံသို့ ပြောင်းနှင့်ရော်ဘာတင်ပို့မှုများပြားလာကြောင်းသိရ သည်။

"ကန့်ပိုက်တည်နယ်စပ်ဂိတ်ကနေ ကချင်ပြည်နယ်အတွင်းကထွက်ရှိတဲ့ တစ်သျှူးငှက်ပျောကတော့ အဓိကတင်ပို့တဲ့ ကုန်စည်ပါ။ အခုအခြားကုန်စည်တွေ တင်ပို့မှုထဲမှာ ပြောင်းနဲ့ရော်ဘာက ပြည်ပကကုန်သည်တွေ မှာယူမှုများလာလို့ ကုန်တင်ကားအစီးရေလဲများလာတယ်" ဟု ၎င်းကပြောပြသည်။

ကချင်ပြည်နယ်အတွင်းမှ ထွက်ရှိသည့် ပြောင်းနှင့်ရော်ဘာကို ကန့်ပိုက်တည်နယ်စပ်ဂိတ်မှတစ်ဆင့် ပြည်ပနိုင်ငံသို့ တင်ပို့ရာတွင် ဇူလိုင်လ ပထမပတ်က တစ်ရက်လျှင် ကုန်တင်ကားအစီးရေ ၃၀ ကျော်သာရှိခဲ့သော်လည်း ဇူလိုင်လ ဒုတိယပတ်မှစ၍ တစ်ရက်လျှင် ကုန်တင်ကားအစီးရေ ၆၀ ကျော်ထိရှိလာကြောင်းသိရသည်။

"ကုန်စည်စီးဆင်းမှုကတော့ အရင်ကနဲ့စာရင် တော်တော်လေးကောင်းမွန်လာပါတယ်။ ပြည်ပကို ကချင်ပြည်နယ် အတွင်းက တစ်သျှူးငှက်ပျောကုန်တင်ကားတွေကတော့ အများဆုံးဖြစ်ပါတယ်။ အခုကတော့ ပြောင်းနဲ့ရော်ဘာ တင်ပို့တဲ့ ကုန်တင်ကားအစီးရေလဲများလာတယ်" ဟု ဒေါ်တူးက ပြောပြ၍ သိရသည်။

**Source: ရတနာပုံသတင်းစာ**

## ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းစျေးကွက်တွင် ပန်းပွတ်လက်ရာ သစ်သားဆွမ်းကလပ်နှင့် ဆွမ်းတော်ခွက်အစုံများ အရောင်းသွက်နေ



Source: ရတနာပုံသတင်းစာ

ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းစျေးကွက်တွင် ပန်းပွတ်လက်ရာ သစ်သား ဆွမ်းကလပ်နှင့် ဆွမ်းတော်ခွက်အစုံများ ဝယ်ယူသူများပြားသောကြောင့် အရောင်း သွက်နေကြောင်း ဗဟန်းမြို့နယ်ရှိ တော်ဝင်မြန်မာအမှတ်တရလက်ဆောင်ပစ္စည်း အရောင်း စင်တာ မန်နေဂျင်းဒါရိုက်တာ ဒေါ်ခင်မြင့်ခိုင်က ပြောပြ၍သိရသည်။

အဆိုပါ ပန်းပွတ်လက်ရာဆေးခြယ်ပြီးသား၊ သစ်သားဆွမ်းကလပ်နှင့် သစ်သား ဆွမ်းတော်ခွက်များပါသည့် ဆွမ်းတော်ဗန်းများမှာ မန္တလေးတိုင်းဒေသကြီးမှ ရန်ကုန်တိုင်း ဒေသကြီး အမှတ်တရလက်ဆောင် ပစ္စည်းစျေးကွက်အတွင်းသို့ ဝင်ရောက်လာခြင်းဖြစ်ကြောင်း၊ ဆွမ်းတော်တင်ရန် ဆွမ်းတော်ကလပ်၊ သောက်တော်ရေခွက်၊ ဆွမ်းတော်ခွက်နှင့်ဆွမ်းဟင်းခွက်များ၊ အစုံအလင်ပါရှိပြီး တန်ဖိုးမှာ ကြီးမြင့်ခြင်းမရှိသည့်အတွက် ဝယ်ယူသူများပြားပြီး အရောင်းသွက်နေကြောင်း သိရသည်။

“ဒီဇူလိုင်လ ဒုတိယပတ်ထဲမှာ ဈေးကွက်ထဲကိုဝင်လာတဲ့ သစ်သားပန်းပွတ်လက်ရာတွေထဲမှာ သစ်သားဆွမ်းကလပ်နဲ့ ဆွမ်းတော်ခွက်အစုံက တော်တော်လေးကို ရောင်းရပါတယ်။ ဆွမ်းတော်ကပ်ဖို့ အောက်ခံသစ်သားကလပ်ကလဲ ၁၀ လက်မ ဆိုတော့ ကျယ်ကျယ်ဝန်းဝန်းရှိတယ်။ သောက်တော်ရေခွက်၊ ဆွမ်းတော်ခွက်၊ ဆွမ်းဟင်းခွက်စုံစုံလင်လင်ပါတဲ့အပြင် ပေါလစ်တင်ပြီးသားလဲဖြစ်တာကြောင့် လူကြိုက်များပြီး အရောင်းသွက်နေပါတယ်” ဟု ဗဟန်းမြို့နယ်ရှိ တော်ဝင်မြန်မာ အမှတ်တရလက်ဆောင်ပစ္စည်း အရောင်းစင်တာ မန်နေးဂျင်းဒါရိုက်တာ ဒေါ်ခင်မြင့်ခိုင်က ပြောပြသည်။

အဆိုပါ ပန်းပွတ်လက်ရာသစ်သားဆွမ်းကလပ်နှင့် ဆွမ်းတော်ခွက်များတစ်စုံလျှင် ငွေကျပ် ၁၈၅၀၀ ဖြစ်ပြီး လက်ရှိတွင် ဇူလိုင်လဒုတိယပတ်မှ ယနေ့(ဇူလိုင်-၂၄)ထိ သစ်သားဆွမ်းကလပ်နှင့်ဆွမ်းတော်ခွက်အစုံ ၅၀ ခန့်ရောင်းချပြီး ဖြစ်ကြောင်းသိရသည်။

**Source: ရတနာပုံသတင်းစာ**

## နှစ် ၂၀ ပိတ်ပင်ထားခဲ့သော ထိုင်းဆန်မှုန့်ကို မလေးရှားနိုင်ငံ ပြန်လည်ခွင့်ပြု

မလေးရှားနိုင်ငံသည် မလေးရှားအနောက်ခြမ်းသို့ ထိုင်းဆန်မှုန့်တင်ပို့ခွင့်ကို အနှစ် ၂၀ နီးပါး ရပ်ဆိုင်းထားပြီးနောက် ယခုအခါ ပြန်လည်ခွင့်ပြုလိုက်ကြောင်း မလေးရှားကုန်သွယ်ရေးဝန်ကြီး Jurin Laksanawisit က အတည်ပြုပြောကြားခဲ့ပါတယ်။

မလေးရှားနိုင်ငံ အနောက်ခြမ်းသို့ ဆန်မှုန့် တင်သွင်းခွင့်လိုင်စင်များ ထုတ်ပေးခြင်းအား ကာလရှည်ကြာ ရပ်ဆိုင်းထားခဲ့ရာ၌ ထိုင်းဆန်မှုန့်များလည်း တင်သွင်းခွင့်မရခဲ့ကြချေ။ “နိုင်ငံအနောက်ပိုင်းဒေသနဲ့ အရှေ့ပိုင်းဒေသတွေကို ကုန်ပစ္စည်းတင်သွင်းခွင့်လိုင်စင်ထုတ်ပေးတဲ့တာဝန်ရှိ မလေးရှားဌာနတွေက ခွင့်ပြုပေးပုံ မတူကွဲပြားတာကို တွေ့ရပါတယ်” လို့ ကုန်သွယ်ရေးဝန်ကြီး Jurin က ပြောကြားပါတယ်။

“အနှစ် ၂၀ နီးပါး တင်ပို့မှုကိုရပ်ဆိုင်းထားပြီးနောက် ထိုင်းနိုင်ငံက ဆန်မှုန့်ကို မလေးရှား အနောက်ဘက်ခြမ်းကို ယခုအခါမှာ တင်ပို့နိုင်ပြီ” လို့ Jurin က ပြောကြားပါတယ်။

**Source: nationthailand**

https://www.foodindustrydirectory.com.mm/food-industry/cuisine/thinland/item/4726-malaysia-lifts-20-year-ban-on-thai-rice-flour.html

## ပိုလီအိတ်သွပ် စားအုန်းဆီပြည်ပတင်ပို့မှု မလေးရှားနိုင်ငံရပ်ဆိုင်း



https://www.foodindustrydirectory.com.mm

စားအုန်းဆီသန့် ဟင်းချက်ဆီကို ပိုလီအိတ် polybag ဖြင့် ပြည်ပတင်ပို့ခြင်းကို ချက်ချင်းရပ်ဆိုင်းရန် မလေးရှားကုန်ဈေးနှုန်းထိန်းချုပ်ရေး အာဏာပိုင်တို့က ဇူလိုင် ၂၅ ရက်မှာ ပြောကြားပါတယ်။

မလေးရှား ကုန်ဈေးနှုန်းထိန်းချုပ်ရေးအာဏာပိုင်အဖွဲ့ ဥက္ကဋ္ဌ Annuar Musa က မလေးရှားပြည်တွင်းမှ စားသုံးသူများကိုရောင်းချတဲ့ စားအုန်းဆီဟင်းချက်ဆီအတွက် အစိုးရမှထောက်ပံ့ကြေးပေးပြီး ဈေးလျှော့ရောင်းချခိုင်းထားရာမှာ အဆိုပါ လျှော့ဈေးဟင်းချက်ဆီများကို ပိုလီအိတ် polybag ဖြင့် ထည့်သွင်းပြီး ဖြန့်ဖြူးပါတယ်။

ပြည်ပတင်ပို့တဲ့ ပိုလီအိတ်သွပ် ဟင်းချက်ဆီများမှာ အစိုးရထောက်ပံ့ကြေးရယူထားတဲ့ ဟင်းချက်ဆီများ ရောနှောပါဝင်နေနိုင်တဲ့အတွက် ပြည်ပတင်ပို့ခွင့် ပိတ်ပင်လိုက်ရတာဖြစ်ကြောင်း ဥက္ကဋ္ဌက ပြောကြားပါတယ်။ သက်ဆိုင်ရာစစ်ဆေးရေးများ အနေဖြင့် ကွဲကွဲပြားပြား ခွဲခြားသိဖို့ ခဲယဉ်းနေတဲ့အတွက် ပြည်ပပို့ကုန် ဟင်းချက်ဆီများကို ပိုလီအိတ်မသုံးစွဲဘဲ အခြားပုံစံဖြင့် ထုပ်ပိုးပြီးတင်ပို့ကြရမှာဖြစ်ကြောင်း ၎င်းကညွှန်ကြားပါတယ်။ ပိုလီအိတ်သွပ်ဟင်းချက်ဆီ ပြည်ပတင်ပို့ခြင်းကို လုံးဝရပ်ဆိုင်းထားပြီဖြစ်ကြောင်းလည်း ဥက္ကဋ္ဌ Annuar က ပြောကြားပါတယ်။

စားအုန်းဆီဟင်းချက်ဆီ ဘူးသွပ်ပြီး လက်လီရောင်းချခြင်းအတွက် အများဆုံးအနေဖြင့်ခွင့်ပြုတဲ့ လက်လီဈေးနှုန်းကို ထုတ်ပြန်ကြေညာပေးမှာဖြစ်ကြောင်း၊ လောလောဆယ်တွင် ဈေးချပေးဖို့ ထုတ်လုပ်သူများနှင့် ညှိနှိုင်းဆွေးနွေးခဲ့ရာ ထုတ်လုပ်သူများနှင့် သဘောတူညီမှု မရသေးကြောင်း ၎င်းကပြောကြားပါတယ်။ စားအုန်းဆီကြမ်းဈေးနှုန်းများ ဈေးကျနေပြီဖြစ်သော်လည်း စားအုန်းဆီဟင်းချက်ဆီကို ဈေးလျှော့ပေးဖို့ ထုတ်လုပ်သူများက သဘောမတူကြကြောင်းလည်း ဥက္ကဋ္ဌကပြောကြားပါတယ်။

သို့သော် တည်ဆဲဥပဒေအရ ဟင်းချက်ဆီလက်လီရောင်းဈေးကို သတ်မှတ်ပြဋ္ဌာန်းခွင့်ရှိကြောင်း ၎င်းကပြောကြားပါတယ်။ အများဆုံးလက်လီရောင်းဈေးနှုန်းက ယခုသီတင်းပတ်အတွင်း သတ်မှတ်ပြဋ္ဌာန်းပေးမယ်လို့ ဥက္ကဋ္ဌ Annuar က ပြောကြားပါတယ်။ ထုတ်လုပ်သူများ အထိုက်အလျောက် အမြတ်ရရှိမယ့်ဈေးနှုန်းဖြစ်ပြီး အလွန်အကျွံအမြတ်ရယူခြင်း မပြုနိုင်တဲ့ဈေးနှုန်းကို သတ်မှတ်ပေးမှာ ဖြစ်ကြောင်း ဥက္ကဋ္ဌ Annuar က ပြောကြားပါတယ်။


စားအုန်းဆီကြမ်း တစ်တန်ဈေးနှုန်း ရင်းဂစ် ၇,၀၀၀ မှ ရင်းဂစ် ၃,၆၀၀ သို့ ကျဆင်းခဲ့သော်လည်း စားအုန်းဆီဟင်းချက်ဆီ ဈေးနှုန်းများ မချပေးသဖြင့် Annuar က ဈေးချပေးကြဖို့ တိုက်တွန်းပြောကြားခဲ့ပါတယ်။ "စားအုန်းဆီကြမ်း ဈေးတက်တဲ့အခါ ကုန်သည်တွေက စားအုန်းဆီဟင်းချက်ဆီကို ဈေးတက်ပေမယ့် စားအုန်းဆီကြမ်း ဈေးကျတဲ့အခါ ဟိုလိုလို ဒီလိုလို လုပ်နေကြတယ်။ အရင်ဈေးကြီးမိထားတဲ့ လက်ကျန်တွေ ရောင်းနေတယ်လို့ပြောပြီး ဈေးလျှော့ဖို့မလုပ်ကြဘူး။ အဲဒါ မသင့်မြတ်ဘူးလို့ ကျွန်တော်ယူဆပါတယ်" လို့ Annuar က ပြောကြားပါတယ်။

ဈေးချခိုင်းထားတာ သီတင်းပတ် ၂ ပတ်ရှိနေပြီဖြစ်လို့ အရေးတယူဆောင်ရွက်ပေးဖို့ အချိန်ကျရောက်နေပြီလို့ ၎င်းက ပြောကြားပါတယ်။ “အဓိကကျတဲ့ပစ္စည်းတွေ ဈေးတက်တာ အသေးအဖွဲ့ကိစ္စမဟုတ်ပါဘူး။ ဟင်းချက်ဆီကလည်း ကြက်သား၊ ကြက်ဥနှင့်ဆန်တို့လိုပဲ အရေးကြီးပါတယ်။ ဒါကြောင့် မြင့်မားတဲ့အမြတ်အစွန်းရရှိဖို့ ဈေးနှုန်းတိုးမြှင့်ခြင်းမပြုသင့်ပါဘူး” လို့ ၎င်းက ပြောကြားပါတယ်။

**Source: FMT**

https://www.foodindustrydirectory.com.mm/food-industry/food-health/item/4734-bans-polybag-cooking-oil-exports.html

## ထိုင်းနိုင်ငံ၏ ပထဝီဝင်အညွှန်း GI ရထားသည့် ထိုင်းဆန်မှာ တမူထူးခြား




ထိုင်းနိုင်ငံ၏ ပထဝီဝင်သွင်ပြင်လက္ခဏာများဖြစ်သော မြေဆီလွှာ၊ လေနှင့်ရေစသည့် မွေးရာပါ ဝိသေသလက္ခဏာများဖြင့် သီးနှံများ စိုက်ပျိုးရာတွင် အထောက်အကူဖြစ်စေပါသည်။ ပထဝီဝင်အညွှန်း GI ပါသော ထိုင်းဆန်သည် ၎င်း၏အရသာနှင့် အခြားသော အံ့သြဖွယ်ရာဂုဏ်ရည်များတွင် ထူးခြားမှုရှိပါသည်။

လက်ရှိတွင် ထိုင်း GI ဆန်မျိုးကွဲကိုးမျိုးရှိပါသည်။ ပထမအမျိုးအစားဖြစ်သည့်ဆန်မှာ လန်နာဖြစ်ပြီး ကင်ဆာကာကွယ်ပေးသည့် ကမ်အဟာရပြည့်ဝသော ကောက်ညှင်းဆန်ဖြစ်ပါသည်။ ဒုတိယအမျိုးအစားမှာ Luem Phua Rice of Phetchabun ဆန်ဖြစ်ပြီး ၎င်းသည်မွှေး၍ နူးညံ့သည့် အရသာရှိပြီး အာဟာရပြည့်ဝသော အနက်ရောင်ဆန်ဖြစ်ပါသည်။ တတိယအမျိုးအစားမှာ Sao Hai ၏ Fluffy ဆန်ဖြစ်ပြီး၊ အလွယ်တကူ မပျက်စီးစေဘဲ ပုံသဏ္ဌာန်ထိန်းသိမ်းထားသော ထမင်းကိုရရှိစေသည့်ဆန်ဖြစ်ပါသည်။ စတုတ္ထအမျိုးအစားမှာ Chumphon of Pathiu Yellow Rice ဆန်ဖြစ်ပြီး ချက်ပြုတ်သည့်အခါ နူးအိပြီးအမြန်ချက်ပြုတ်နိုင်သည့် စပါးရှည်ဆန်အမျိုးအစားဖြစ်ပါသည်။ လမ်းဘေးအစားအစာ ရောင်းချရာတွင် အလွန်သင့်တော်သည့်ဆန်ဖြစ်ပါသည်။ ပဉ္စမအမျိုးအစားမှာ မွှေးကြိုင်သည့်အနံ့ရှိသော ကောက်ညှင်းဆန်နှင့်နီညိုရောင်ရှိသည့်

ကောက်ညှင်းရှည်ဆန်ဖြစ်ပြီး antioxidants များကြွယ်ဝစွာပါဝင်ပါသည်။ ဆဌမအမျိုးအစားမှာ Thung Kula Rong Hai Hom Mali Rice ဆန်ဖြစ်ပြီးထိုင်းနိုင်ငံ၏ အကောင်းဆုံး ဟုန်မာလီဆန်ရှည် အဖြူဖြစ်ကာ ရနံ့မွှေးပျံ့ပြီး နူးညံ့သည့်အရသာရှိပါသည်။ သတ္တမအမျိုးအစားမှာ Surin Hom Mali Rice ဆန်ဖြစ်ပြီး အဖြူရောင် ဆန်လုံးရှည်ဖြစ်ကာ ထမင်းချက်သည့်အခါ နူးညံ့ပြီး စိုစွတ်နေပါသည်။ အဌမအမျိုးအစားမှာ Hang Hom Sakonthawapi ဆန်လုံးသွယ်ပုံစံဖြစ်သည့် စပါးရွှေညိုဆန်ဖြစ်ပြီးအာဟာရများစွာပါဝင်ပါသည်။ နဝမအမျိုးအစားမှာ Kalasin ကောက်ညှင်းဆန်ဖြစ်ပြီး နူးညံ့သော်လည်း ပျော့အိအိမနေဘဲ ရနံ့မွှေး၍ အချိန်ကြာမြင့်စွာ အရသာရှိသည့်ဆန်မျိုးဖြစ်ပါသည်။

**Source: Rice News Today**

https://myantrade.gov.mm/article/%E1%80%91%E1%80%AD%E1%80%AF%E1%80%84%E1%80%BA%E1

## RCEP တွန်းအားပေးမှုကြောင့် တရုတ်နိုင်ငံဈေးကွက်သို့ ပိုမိုများပြားသော အာဆီယံထုတ်ကုန်များ တင်ပို့ရောင်းချလျက်ရှိ

အာဆီယံနိုင်ငံများမှ ထွက်ကုန်ကောင်းများဖြစ်သည့် ထိုင်းနိုင်ငံမှ ဒူးရင်းသီး ၊ မင်းကွတ်သီး ၊ ဗီယက်နမ်မှ ကော်ဖီ၊ အင်ဒိုနီးရှားမှ ဝေဖာစသည်တို့က ပူပြင်းသောနွေရာသီတွင် တရုတ်နိုင်ငံစားသုံးသူများ၏ အာသီသပြင်းပြမှုကို ဖြည့်ဆည်းနိုင်ခဲ့သည်။ RCEP စတင်အသက်ဝင်ချိန်မှစ၍ အာဆီယံနိုင်ငံများမှတင်ပို့သော လယ်ယာထွက်ကုန် ၊ အစားအစာ ၊ စက်မှုထုတ်ကုန်စသည့်ကုန်ပစ္စည်းများသည် ပိုမိုများပြားသော ပမာဏဖြင့် တရုတ်ဈေးကွက်သို့ အဆင်ပြေချောမွေ့စွာ ဝင်ရောက်လာခဲ့သည်။ ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု (RCEP) သည် ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် စတင်အသက်ဝင်ခဲ့ပြီး နှစ်ဝက်ကျော်ရှိပြီဖြစ်ရာ မူဝါဒဆိုင်ရာ အကျိုးခံစားခွင့်များ တဖြည်းဖြည်း ခွင့်ပြုပေးခဲ့သောကြောင့် တရုတ်နှင့် အာဆီယံနိုင်ငံများအကြား စီးပွားရေးကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်မှုကို ထိရောက်စွာမြှင့်တင်ပေးခဲ့သည်။ တရုတ်နိုင်ငံ နိုင်ငံခြားကုန်သွယ်မှုသည် ယခုနှစ် ပထမနှစ်ဝက်တွင် တည်ငြိမ်သော ဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော်နိုင်ခဲ့ရာ သွင်းကုန်ပို့ကုန် စုစုပေါင်းတန်ဖိုးမှာ ယွမ် ၁၉.၈ ထရီလီယံဖြစ်ပြီး ကာလတူထက် ၉.၄ ရာခိုင်နှုန်းတိုးလာခဲ့ကြောင်းနှင့် ၎င်းအနက် အာဆီယံနိုင်ငံ၏ သွင်းကုန်ပို့ကုန် ကုန်သွယ်မှုမှာ ယွမ် ၂.၉၅ ထရီလီယံဖြစ်ပြီး ၁၀.၆ ရာခိုင်နှုန်း တိုးလာခဲ့ကြောင်း တရုတ်နိုင်ငံ အကောက်ခွန်ရုံးချုပ်က ထုတ်ပြန်သော အချက်အလက်များအရ သိရသည်။

တရုတ်နိုင်ငံ၏ အနောက်တောင်ပိုင်းဒေသတွင် တည်ရှိသော ကွမ်ရှီးပြည်နယ်သည် အာဆီယံနိုင်ငံများနှင့် ကုန်းကြောင်းရေကြောင်း အပြန်အလှန်ချိတ်ဆက်လျက်ရှိရာ တရုတ်နှင့် RCEP နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှု၏ အရေးကြီးသော အစိတ်အပိုင်းဖြစ်ကြောင်းသိရသည်။ မကြာသေးမီနှစ်များတွင် အနောက်ဘက် ကုန်းကြောင်းရေကြောင်းစင်္ကြံသစ် တည်ဆောက်ရေးအခွင့်အလမ်းကို အမှီပြု၍ အအေးကွင်းဆက်နှင့် အအေးခန်းစသော ဝန်ဆောင်မှုပေး အခြေခံ အဆောက်အအုံများ စဉ်ဆက်မပြတ် တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ခဲ့ပြီး အာဆီယံနိုင်ငံများမှ သစ်သီးဝလံ၊ အစားအစာနှင့် လယ်ယာထွက်ကုန်စသည်တို့ကို တရုတ်နိုင်ငံဈေးကွက်သို့ မြန်ဆန်စွာ တင်ပို့ရောင်းချနိုင်ခဲ့သည်။

မကြာသေးမီက နန်နင်းမြို့ရှိ ထိုင်းကောင်စစ်ဝန်ရုံးချုပ်သည် ထိုင်းကုန်ပစ္စည်းများကို မြှင့်တင်ရန်အတွက် "Thailand Carnival – 2022 Thailand Shopping Festival" ကို တရုတ်နိုင်ငံ နန်နင်းမြို့၌ ကျင်းပခဲ့သည်။ အဆိုပါ ဈေးဝယ်ပြပွဲသည် တရုတ်နိုင်ငံ ပြည်သူလူထုများအကြား ရေပန်းစားလာသဖြင့် ပွဲတော်၏ ကျင်းပချိန်ကို မူလသတ်မှတ်ချိန်ဖြစ်သည့် ၉ ရက်မှ ၁၅ ရက်အထိ တိုးမြှင့်ခဲ့ရကြောင်းသိရသည်။

ထိုင်းနိုင်ငံ စီးပွားရေးဌာနသည် တရုတ်ဈေးကွက်ကို အထူးအလေးထားပြီး ကွမ်ရှီးပြည်နယ်နှင့်ပူးပေါင်းကာ ဈေးဝယ်ပြပွဲကို နှစ်စဉ်ကျင်းပခဲ့ရာ ယခုချိန်အထိဆိုလျှင် ၁၀ နှစ်တိုင်တိုင် ကျင်းပခဲ့ပြီဖြစ်ကြောင်း သိရသည်။ ထိုင်းနိုင်ငံ ဆန်မွှေးများ၊ မုန့်ပဲသရေစာများ ၊ တုန်ယမ်းအနှစ်စသည့် ရိုးရာအစားအစာများနှင့် ရွှေခေါင်းအုံးဒူးရင်း၊ မင်းကွတ်သီး ၊ သရက်သီးစသည့် အရည်အသွေးမြင့် ထွက်နှုန်းကောင်းသည့် ပင်ရင်းသစ်သီးဝလံများအပါအဝင် ရာနှင့်ချီသော ထိုင်းနိုင်ငံမှတင်သွင်းသည့် ကုန်ပစ္စည်းများသည် တရုတ်နိုင်ငံဈေးကွက်သို့ ဝင်ရောက်ရောင်းချလျက်ရှိကြောင်းသိရသည်။

"စားသုံးသူတွေဟာ အာဆီယံထုတ်ကုန်တွေအပေါ် ပိုမိုအသိအမှတ်ပြုလာကြပြီး ဝယ်လိုအားလည်း ဆက်လက်မြင့်မားနေပါတယ်။" ယခုနှစ်များအတွင်းတွင် အာဆီယံထုတ်ကုန်များသည် စားသုံးသူများအကြား အထူးပင်ရေပန်းစားလာခဲ့သဖြင့် အရောင်းမြင့်တင်ရန်အတွက် ကျင်းပသောဈေးဝယ်ပြပွဲမှာ ထူးထူးခြားခြား ရလဒ်များရရှိခဲ့သည့်အပြင် ဒူးရင်းသီး ရောင်းချမှုမှာ တစ်ခါတစ်ရံတွင် တစ်ရက်အတွင်း ယွမ် ၁၀၀,၀၀၀ ခန့်အထိ ရောင်းချနိုင်ခဲ့သည်ဟု နန်နင်း Crystal City ရှိ ဖုန်းရှင့်စူပါမားကတ် အထွေထွေမန်နေဂျာ လီဝန်ချင်းက မိတ်ဆက်ပြောကြားခဲ့သည်။

ကွမ်ရှီးရှိ Ant Foreign Goods သည် နယ်စပ်ဖြတ်ကျော် e-commerce အဖြစ် နှစ်ပေါင်းများစွာ ဆောင်ရွက်လာရာ နယ်စပ်ဖြတ်ကျော် ကုန်ပစ္စည်းအမျိုးအစားများမှာ ပိုမိုပေါများကြွယ်ဝလာခဲ့သည်။ မလေးရှားမှ Musang King ဒူးရင်း၊ ဗီယက်နမ်မှ ကော်ဖီ၊ ထိုင်းမှ ရာဘာစေးဖြင့်ပြုလုပ်သော အိပ်ရာအသုံးအဆောင်ပစ္စည်းစသည်တို့အနက် ငှက်သိုက်နှင့်ဒူးရင်းသည် လူကြိုက်အများဆုံး အမျိုးအစားများဖြစ်ကြောင်းနှင့် ယခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ တန်ဖိုး ယွမ်သန်း ၆၀ ကျော်ရှိသည့် ငှက်သိုက် ၄.၉ တန်ကို တင်သွင်းခဲ့ကြောင်း သိရသည်။

"RCEP ဟာ ကျွန်တော်တို့ကုမ္ပဏီ ဖွံ့ဖြိုးတိုးတက်မှုအတွက် အပြုသဘောဆောင်တဲ့ အကျိုးသက်ရောက်မှုတွေ ဆောင်ကြဉ်းပေးခဲ့တယ်။ RCEP ကြောင့် အာဆီယံကုန်ပစ္စည်းတင်သွင်းမှုက တစ်နေ့တစ်ခြားပိုမို အဆင်ပြေလာပြီး အမျိုးအစားမှာလည်း စုံလင်လာပါတယ်။ လက်ရှိကုမ္ပဏီဟာ အာဆီယံ အရည်အသွေးမြင့် ထုတ်ကုန်တွေ တရုတ်နိုင်ငံသို့ ပိုမိုတင်ပို့နိုင်ဖို့အတွက် အာဆီယံနိုင်ငံရှိ ကုန်ပစ္စည်းအမှတ်တံဆိပ် အများအပြားနှင့် တက်ကြွစွာ အဆက်အသွယ်ပြုလုပ်နေတယ်" ဟု Ant Foreign Goods ထောက်ပို့မှုကွင်းဆက်ဆိုင်ရာ စီမံခန့်ခွဲမှုကုမ္ပဏီ တာဝန်ရှိသူက ပြောကြားခဲ့သည်။

ယခုနှစ်များအတွင်းတွင် တရုတ်-အာဆီယံ နယ်စပ်ဖြတ်ကျော် e-commerce သွင်းကုန်ပို့ကုန်ပမာဏသည် တစ်နေ့တစ်ခြား တိုးတက်လျက်ရှိကြောင်း၊ RCEP အသက်ဝင်ပြီးနောက် အာဆီယံနယ်စပ်ဖြတ်ကျော် e-commerce ဖွံ့ဖြိုးတိုးတက်မှု အလားအလာသည် ထပ်ဆင့်တိုးအားကောင်းခဲ့ပြီး ပိုမိုများပြားသော အာဆီယံထုတ်ကုန်များသည် e-commerce မှတစ်ဆင့် တရုတ်ပြည်သူလူထုများဆီသို့ ရောက်ရှိလာခဲ့သည်။

တရုတ်စားသုံးသူများက ထိုင်းနိုင်ငံထုတ်ကုန်များအပေါ် အမြဲနှစ်သက်မှုရှိကြောင်း၊ RCEP အသက်ဝင် အကောင်အထည်ဖော်မှုနှင့်အမျှ ဒေသတွင်းကုန်သွယ်မှု၏ ပိုမိုအဆင်ပြေချောမွေ့မှု၊ လွတ်လပ်မှုမှာ ထိုင်း-တရုတ်၊ အာဆီယံ-တရုတ်အကြား ကုန်သွယ်မှုအလားအလာ ပိုမိုကျယ်ပြန့်စေခဲ့ကြောင်း နန်နင်းမြို့ရှိ ထိုင်းကောင်စစ်ဝန်ချုပ်ရုံး၏ စီးပွားရေးဆိုင်ရာ ကောင်စစ်ဝန် Wanda Ratanapani က ပြောကြားခဲ့သည်။

**Source:** https://xinhuamyanmar.com/mm-cn/nc-2202507009/

## STOCK EXCHANGE (26.7.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 26th Jul. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,200 | -300 | -4.00% | 7,400 | 7,400 | 7,200 | 1,030 | 7,436,000 | 33,109,694 | 238,390 |
| MTSH | 00002 | 2,500 | -50 | -1.96% | 2,550 | 2,550 | 2,500 | 7,416 | 18,776,550 | 38,929,150 | 97,323 |
| MCB | 00003 | 6,900 | -300 | -4.17% | 6,900 | 6,900 | 6,900 | 38 | 262,200 | 10,400,986 | 71,767 |
| FPB | 00004 | 17,500 | +0 | +0.00% | 17,500 | 17,500 | 17,500 | 150 | 2,625,000 | 2,472,053 | 43,261 |
| TMH | 00005 | 2,400 | +0 | +0.00% | 2,400 | 2,400 | 2,400 | 750 | 1,800,000 | 12,823,224 | 30,776 |
| EFR | 00006 | 2,500 | +0 | +0.00% | 2,500 | 2,500 | 2,500 | 0 | 0 | 19,977,223 | 49,943 |
| AMATA | 00007 | 5,000 | +100 | +2.04% | 5,000 | 5,000 | 5,000 | 300 | 1,500,000 | 10,497,598 | 52,488 |

## Market summary

As of 26th Jul. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 335.68 | -8.01 | -2.33% | 344.30 | 344.30 | 335.68 | 9,684 | 32,399,750 | 7 | 583,948 |

### Index chart




# Market Overview

## Main Board

As of 1:00 pm, 26th Jul. 2022

| MYANPIX | 335.68<br>▼ 8.01 |
|---|---|
| Total Volume (shares) | 9,684 |
| Total Value (MMK) | 32 mil |
| Listed Company | 7 |
| Market Cap. (MMK) | 583,948 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,200 | ▼ 300 |
| MTSH | 00002 | 2,500 | ▼ 50 |
| MCB | 00003 | 6,900 | ▼ 300 |
| FPB | 00004 | 17,500 | ▲ 0 |
| TMH | 00005 | 2,400 | ▲ 0 |
| EFR | 00006 | 2,500 | ▲ 0 |
| AMATA | 00007 | 5,000 | ▲ 100 |